
စိတ်ကူးချိုချိုအနုပညာ

# WINSTON CHURCHILL




ကမ္ဘာကျော်

ဟာသဆိုရှင် စစ်သူကြီး

# ဝင်စတန်ချာချီ

## ဇင်မျိုး



mgyoe.com

zm0014
800.00 KS

mgyoe.com

ကမ္ဘာကျော်စာဆိုရှင်စစ်သူကြီးဝင်စတန်ချာချီ၊ ဇင်မျိုး
အပြင်အဆင်- ပြုံးပြုံးသန်း၊ စာမျက်နှာ ၅၇ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ကမ္ဘာကျော်စာဆိုရှင်စစ်သူကြီး

# ဝင်စတန်ချာချီ

ဇင်မျိုး



ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ

## အခန်း ၁


- ဝင်စတန်ချာချီ၏ မျိုးရိုး ၂
- ချာချီစစ်ထဲဝင်ခြင်း ၈


## အခန်း ၂


- ချာချီအိမ်ထောင်ပြုခြင်း ၁၂
- ချာချီနှင့်ကျူးဘား ၁၅
- အိန္ဒိယသို့ ၁၈
- စာဖတ်ခြင်း ၂၀


## အခန်း ၃


- အနောက်မြောက်စစ်မျက်နှာသို့ ၂၄
- ဆူဒန်ကိုသွားခြင်း ၂၅
- တောင်အာဖရိကသို့ ၂၆


mgyoe.com

mgyoe.com

– နိုင်ငံရေးလောကသို့ ၂၉
– လစ်ဘရယ်သမားချာချီ ၂၉
– ကုန်သွယ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ၃၀

အခန်း ၄

– ရေတပ်ဝန်ကြီးချုပ် ငင်စတန်ချာချီ ၃၄
– ရေတပ်ဝန်ကြီး ၃၆
– ချာချီရာထူးအချခံရခြင်း ၃၈
– ချာချီ၏အမှား ၄၀
– ဝန်ကြီးချုပ်ချာချီ ၄၂

အခန်း ၅

– ချာချီ၏နောက်ဆုံးနေ့များ ၄၆
– စာဆိုစစ်သည်ချာချီ ၅၂

□

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# အခန်း ၁
## ဝင်စတန်ချာချီ၏မျိုးရိုး

မှူးမတ်ကြီး စပန်ဆာမိသားစု၏အစွယ်အပွားတစ်ခုဖြစ်သော မင်းမျိုးမင်းနွယ် မားလ်ဘရော့မြို့စားမိသားစုကမွေးသော ဝင်စတန် လီယိုနက် စပန်ဆာချာချီသည် ဖခင်ကဲ့သို့ပင် လူသိများထင်ရှားသော နာမည်အဖြစ် ချာချီဟူသော မိသားစုနာမည်ကိုပင် အသုံးပြုခဲ့သည်။ ချာချီကို ၁၈၇၄ ခုနှစ် နိုဝင်ဘာလ ၃ဝ တွင် မွေးသည်။ မွေးရပ်ဇာတိမှာ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ် ရှိုင်းယားနယ်ဝုဒ်စတော့ဖြစ်သည်။

ချာချီ၏ဘိုးဘေးဘီဘင်ဂျော့စဂျန်ဆာသည် ၁၈၁၇ တွင် စပန်ဆာ ချာချီဟူသော မျိုးရိုးနာမည်ကို ပြောင်းလဲခံယူခဲ့သည်။ ပထမ မားလ်ဘရော့မြို့စား ဂျွန်ချာချီမျိုးရိုးမှ ဆင်းသက်လာသည်ကို ပေါ်လွင် စေလိုသောကြောင့် ဂျော့စပန်ဆာသည် ၁၈၁၇ တွင် မားလ်ဘရော့မြို့စား ဖြစ်လာသည့်အခါ သူ၏နာမည်ကို စပန်ဆာချာချီဟု ပြောင်းခဲ့ခြင်း ဖြစ်သည်။ ချာချီ၏ဖခင်မှာ သတ္တမမြောက် မားလ်ဘရော့မြို့စား ဂျွန်စပန်ဆာချာချီ၏ တတိယမြောက်သား လော့ဒ်ရန်းဒေါ့ချာချီ ဖြစ်သည်။ လော့ဒ်ရန်းဒေါ့ချာချီသည် နိုင်ငံရေးသမားတစ်ဦး ဖြစ်သည်။

mgyoe.com

mgyoe.com




ငယ်ဘဝ ဝင်စတန်ချာချီ (ဝဲ) အား မိခင် လေဒီရန်ဒေါ့ချာချီနှင့် အတူတွေ့ရစဉ်

ချာချီ၏မိခင် လေဒီရန်းဒေါ့ချာချီသည် အမေရိကန် ဘီလျံနာ လီယိုနတ်ဂျရုမ်း၏သမီးဖြစ်သည်။ သူတို့သည် ဘလန်ဟိန်း နန်းတော်ရှိ အိပ်ဆောင်တွင် ချာချီအား နှစ်လစောစွာ မွေးခဲ့သည်ဟု ဆိုသည်။

ချာချီသည် အသက် ၂ နှစ်မှ ၆ နှစ်အရွယ်ထိ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့တွင် နေထိုင်ခဲ့သည်။ အဘိုးဖြစ်သူသည် ဘုရင်ခံအဖြစ် ခန့်အပ်ခံရသဖြင့် ဒဗ္ဗလင်တွင် ချာချီတို့မိသားစုသွားနေခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်က ချာချီ၏ဖခင်မှာ အဖေဖြစ်သူ ဘုရင်ခံ၏ကိုယ်ရေးအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ ချာချီ၏ညီ ဂျွန်စရိန့်စပန်ဆာချာချီကိုလည်း အိုင်ယာလန်တွင် နေထိုင်နေရင်း မွေးဖွားခဲ့ခြင်းဖြစ်သည်။ အိုင်ယာလန်တွင် နေထိုင်ကတည်းက လူငယ်လေး ချာချီသည် ယခု အိုင်ယာလန်သမ္မတအိမ်တော်ဖြစ်နေသော Vice Regal

mgyoe.com

mgyoe.com


Lodge တွင် စစ်ကြောင်းချီတက်မှုများကို အကြိမ်ကြိမ် မြင်တွေ့ရသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် စစ်မက်ရေးရာတို့ကို စိတ်ဝင်စားခဲ့ခြင်း ဖြစ်သည်။ ကလေးထိန်းက စာဖတ်ခြင်း၊ စာရေးခြင်း၊ အတွက်အချက်တို့ကို သင်ပေးခဲ့သဖြင့် ချာချီသည် ငယ်ငယ်ကတည်းက ပညာရေးနှင့်အထိအတွေ့ ရှိခဲ့သည်။ မိဘများနှင့် အထိအတွေ့နည်းခဲ့သော ချာချီသည် ကလေးထိန်း အဲလီစဘတ်အန်းအဲဗားရက်နှင့်သာ ပိုမိုရင်းနှီးခဲ့သည်။ ထို့ကြောင့် ကလေးထိန်း အန်းအဲဗားရက်သည် ချာချီ၏ လူယုံဖြစ်သည်။ သူနာပြု ဖြစ်သည်။ အစားထိုးအမေဖြစ်သည်။

လွတ်လွတ်လပ်လပ်နေတတ်ပြီး ဒေါသကြီးသော ချာချီသည် စာသင်ကျောင်းတွင် အဆင့်ကောင်းကောင်းမရခဲ့ပေ။ သူသည် အလွတ်သင်ကျောင်း ၃ ခုတွင် ပညာဆည်းပူးခဲ့သည်။ သူသည် ၁၈၈၈ မှစ၍ ဟာရိုးကျောင်းတွင် စတင်တက်ရောက်ခဲ့သည်။ ဟာရိုးကျောင်းကို ရောက်ရှိပြီးနောက် သီတင်း ၃ ပတ်အတွင်းတွင် ချာချီသည် ဟာရိုးရိုက်ဖယ် အသင်းကိုဝင်ရောက်ခဲ့သည်။

ဟာရိုးကျောင်းကို စတင်တက်ရောက်ချိန်တွင် ချာချီသည် စပန်ဆာ ချာချီနာမည်ဖြင့် စာရင်းပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် ဂင်တိုတို၊ ဆံပင်နီရဲရဲ၊ စကားထစ်၍ မပီကလာပီကလာပြောတတ်သည့်အရွယ် ဖြစ်သည်။ ဟာရိုးကျောင်းဝင်ခွင့်အတွက် စာမေးပွဲဖြေရာတွင် ချာချီသည် သင်္ချာကိုကောင်းစွာဖြေနိုင်ခဲ့သည်။ ဟာရိုးကျောင်းကို တက်ရောက်ခဲ့သည့် ပထမနှစ်တွင် ချာချီသည် သူ့အတန်းတွင် သမိုင်းအတော်ဆုံးကျောင်းသားအဖြစ် အသိအမှတ်ပြုခံရသည်။ ဟာရိုးကျောင်းကိုမရောက်ခင်က ချာချီသည် စာညံ့သောကျောင်းသားတစ်ဦးဖြစ်သည်။ ဟာရိုးကျောင်းတွင်လည်း သူသည် ဘာသာရပ်တချို့တွင် ထူးချွန်ခဲ့သည့်တိုင် စာညံ့သော ကျောင်းသားအဖြစ် ရှိနေခဲ့သည်။ ဂန္ထဝင်စာပေများကို မသင်ကြားလို

mgyoe.com

mgyoe.com




အသက် ၇ နှစ်အရွယ် ချာချီ (၁၈၈၁)

သောကြောင့် ဝင်စတန်ချာချီသည် အထက်တန်းကျောင်းကို မတက်ခဲ့ဖူးသော်လည်း သူသည် အင်္ဂလိပ်ဘာသာစကားကို မြတ်နိုးသူဖြစ်နေပြီ

mgyoe.com

mgyoe.com

ဖြစ်သည်။ သူသည် ဟာရိုးကျောင်းကို မုန်းသည်။ မိခင်မှာ ဟာရိုးကျောင်းတက်နေသော သူ့ထံကို မလာသလောက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းကို အမေလာမည်လော၊ သို့မဟုတ် အိမ်ကို ကိုယ်တိုင်ပြန်လာရမည်လောဟု ချာချီသည် မိခင်ထံစာရေးခဲ့လေသည်။ ဖခင်နှင့် ဝင်စတန်ချာချီ၏ဆက်ဆံရေးမှာ ခပ်တန်းတန်းဖြစ်သည်။ သူတို့သားအဖမှာ တစ်ဦးနှင့်တစ်ဦး စကားမပြောသလောက်ပင် ဖြစ်သည်ဟု ချာချီက ပြောခဲ့ဖူးသည်။ သူ၏ဖခင်သည် အသက် ၄၅ နှစ်အရွယ်၊ ၁၈၉၅ တွင် ကွယ်လွန်သွားခဲ့ရာ အသေစောသည့်ဖခင်မှာ လောကတွင် နာမည်ကြီးတစ်ဦးဖြစ်အောင် မြန်မြန်လုပ်ခဲ့သင့်သည်ဟု ချာချီက ဆိုခဲ့လေသည်။

အသက် ၁၈ နှစ်အရွယ်တွင် ချာချီသည် ဘုန်းမောက်တွင်နေထိုင်သော အဒေါ်ဝင်းဘုန်းထံကို သွားရောက်လည်ပတ်ခဲ့ရာ၊ ချာချီသည် ၂၉ ပေမြင့်သောတံတားပေါ်မှ ပြုတ်ကျခဲ့သဖြင့် ၃ ရက်သတိလစ်နေခဲ့ပြီး ၃ လအထိ အိပ်ရာထဲလဲနေခဲ့လေသည်။

ဝင်စတန်ချာချီသည် ဖရီးမေဆင်အသင်းသားတစ်ဦးလည်းဖြစ်သည်။ ဖရီးမေဆင်အသင်းသည် အချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီရေးအတွက် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်၍ ၎င်းအဖွဲ့ကို ပသျှူးခေါင်းဖြတ်အဖွဲ့ဟုလည်း ခေါ်သည်။

ချာချီသည် စကားပုံတချို့ကို အသံမထွက်တတ်ပေ။ သို့ရာတွင် သတင်းသမားတစ်ဦးအနေနှင့် အသံထွက်မမှန်ခဲ့သည့်တိုင် သူသည် တစ်ချိန်လုံးသတင်းပို့ပေးသူဖြစ်ခဲ့၏။ အသံသွင်းစနစ်အသုံးမတွင်ကျယ်ခင် ၁၉၂၀ နှင့် ၁၉၃၀ ပြည့်နှစ်ကာလများတွင် ရေးသားခဲ့သော စာရေးဆရာများက ချာချီမှာစကားထစ်သူဖြစ်၍ ဆိုးလှသည်။ မချိတင်ကဲဖြစ်စရာကောင်းလှသည်ဟု ရေးခဲ့ကြသည်။ သို့ရာတွင် ချာချီသည် စကားထစ်သူဆိုသည်ထက် အက်စ်၊ ဇက် စသော အင်္ဂလိပ်

mgyoe.com




အထိန်းတော် အဲလီစဘတ်အန်းအဲဗားရက်နှင့် ချာချီ

အက္ခရာများကို အသံထွက်ရခက်ခဲသည့် Lateral Lisp သမားဖြစ်ကြောင်း အသံ သွင်းယူထားသည်များကို ပြန်လည်နားထောင်ကြည့်နိုင်သည်ဟု ချာချီ ဌာနနှင့် ပြတိုက်ဌာနက ဆိုသည်။ ထို့ကြောင့် ဝင်စတန်ချာချီသည် စကားထစ်သူဆိုသည်မှာ ဒဏ္ဍာရီတစ်ပုဒ်ဖြစ်သွားသည်။

သူ၏အံတုများမှာ သူမိန့်ခွန်းပြောရာတွင် အထောက်အကူဖြစ်စေရန် သီးသန့်ပြုလုပ်ထားသော အံတုများဖြစ်သည်။ အများပြည်သူကို စိတ်ဓာတ်လှုံ့ဆော်ရေးမိန့်ခွန်းများပြောနိုင်အောင် စနစ်တကျပြင်ဆင်ခဲ့ ရုံသာမက စကားပြောရာတွင် ချိုတုံ့ချတုံ့ဖြစ်နေခြင်းကို ရှောင်ရှားနိုင်ခဲ့၍လည်း ချာချီသည် ဤသို့ပြောခဲ့တော့သည်။ "ကျွန်တော်စကားထစ်တာဟာ အနှောင့်အယှက်မဟုတ်တော့ပါဘူး" ဟု နောက်ဆုံးတွင် ချာချီက ပြောခဲ့လေသည်။

mgyoe.com

## ချာချီစစ်ထဲဝင်ခြင်း

ချာချီသည် ၁၈၉၃ တွင်ဟာရိုးစာသင်ကျောင်းကနေ ထွက်ခဲ့ပြီး နောက် ဆန်းဟတ်တွင်ရှိသော တော်ဝင်စစ်ကောလိပ်ကို တက်ရောက်ရန် လျှောက်ထားလိုက်သည်။ ဝင်ခွင့်စာမေးပွဲဖြေရာတွင် ၃ ကြိမ် ၃ ခါကျခဲ့သည်။ သင်္ချာဘာသာရပ်ကို မကြိုက်သောကြောင့် ချာချီသည် ခြေလျင်တပ်ထက် မြင်းတပ်ကို ဝင်သည်။ ၁၈၉၄ ဒီဇင်ဘာထဲတွင် ချာချီသည် လူပေါင်း ၁၅၀ တက်ရောက်သော အတန်းတွင် အဋ္ဌမ ချိတ်ကာ ဘွဲ့ရသည်။ ယခုအချိန်တွင် သူသည် ဖခင်၏ဆန္ဒအတိုင်း ခြေလျင်တပ်ကို ပြောင်းရွှေ့နိုင်ပြီဖြစ်သော်လည်း သူသည် မြင်းတပ်တွင်ပင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ကြောင့် ချာချီသည် ၁၈၉၅ ဖေဖော်ဝါရီ ၂၀ တွင် စတုတ္ထမြောက် ဘုရင်မကြီး၏ကိုယ်ပိုင်မြင်းတပ်ရင်းဖြစ်သော ဟာဆားစ်တပ်တွင် ဒုဗိုလ် (cornet) ဖြစ်လာသည်။

၁၉၄၁တွင် ချာချီသည် ဟားဆားစ်မြင်းတပ်တွင် ဌာနချုပ်မှူးအဖြစ် တိုးမြှင့်ခန့်ထားခံရသည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဗိုလ်မှူးချုပ်အဖြစ် ခန့်အပ်ခံရပြီးနောက် ရာထူးတက်ကာ ဟားဆားစ်မြင်းတပ်ရင်းတွင် ဌာနချုပ်မှူးဖြစ်လာခဲ့ခြင်းဖြစ်သည်။ အမှန်မှာအဆိုပါ ရာထူးသည် တော်ဝင်မိသားစုဝင်များကိုသာ သီးသန့်ခန့်ထားလေ့ရှိသော ရာထူးဖြစ်သည်။ ချာချီသည် ကော်နက်ခေါ် ဒုဗိုလ်ဘဝတွင်ပင် နှစ်စဉ်လုပ်ခ လစာမှာ ပေါင် ၃၀၀ ရရှိသူဖြစ်နေလေသည်။ သို့ရာတွင် တပ်ရင်းထဲက အခြားအရာရှိများအတိုင်း နေထိုင်လိုသဖြင့် ချာချီသည် အနည်းဆုံးလုပ်ခ လစာပေါင် ၅၀၀ (ယနေ့ခေတ်ဝင်ငွေအတိုင်းဆိုလျှင် ပေါင် ၅၅၀၀၀ ခန့်) လိုအပ်နေသည်။ ချာချီ၏မိခင်မှာ ချာချီကို တစ်နှစ်လျှင် ပေါင် ၄၀၀ ထောက်ပံ့ပေးနေခဲ့သော်လည်း အသုံးအစွဲကြီးသော

mgyoe.com

mgyoe.com



**စစ်ဝတ်စုံနှင့်အတူတွေ့ရသည့် ချာချီ (၁၈၉၅)**

ချာချီအတွက် အမြဲလောက်ငှသည်ဟူ၍ မရှိခဲ့ပေ။ ထို့ကြောင့် သူ့အတ္ထုပ္ပတ္တိကို ရေးသူ ရိုင်းဂျင်ကင်းက ချာချီသည် စစ်သတင်းထောက် အလုပ်ကို စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ သူသည် စစ်ထဲတွင်

mgyoe.com

mgyoe.com

သမားရိုးကျရာထူးတိုးခြင်းကို အလိုမရှိပေ။ သို့ရာတွင် အသိုင်းအဝန်းကောင်းလှသော ဖခင်နှင့်မိခင်တို့၏ အရှိန်သြဇာကို အကြောင်းပြု၍ ချာချီသည် အခွင့်အရေးရလျှင် ရသလို ရာထူးတက်အောင် ကြိုးစားခဲ့၏။ သူ၏စာအရေးအသားကို လူထုက သတိထားမိလာခဲ့ခြင်းကြောင့်လည်း သူသည် စာရေးခြင်းဖြင့် အပိုဝင်ငွေရှာဖွေခဲ့သည်။ လန်ဒန်အခြေစိုက် သတင်းစာများအတွက် သူသည် စစ်သတင်းထောက်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ကိုယ်တွေ့ကြုံရသော စစ်ပွဲများအကြောင်းကိုလည်း ချာချီသည် စာအုပ်များ ရေးခဲ့သည်။

□

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# အခန်း ၂

## ချာချီ အိမ်ထောင်ပြုခြင်း


ချာချီသည် ၁၉၀၄ ခုနှစ်တွင် ဖနီးလောင်း ကလီမန့်တိုင်းဟိုဇီယာကို ခရူးမှုးမတ်၏အိမ်တော်ဖြစ်သော ခရူးအိမ်တွင် တွေ့ခဲ့ခြင်း ဖြစ်သည်။ ၁၉၀၈ တွင် သူတို့သည် လန်ဒန်မြို့တော်ကောင်စီဝင်၏ ကတော်စိန့်ဟယ်လီယာတည်ခင်းသော ညစာစားပွဲတွင် ထပ်မံတွေ့ဆုံခဲ့ကြသည်။ ၎င်းပါတီပွဲတွင် ချာချီသည် ကလီမန့်တိုင်းနှင့် ဘေးချင်းကပ်ထိုင်ခဲ့၏။ မကြာခင် သူတို့သည် တစ်ဘဝလုံးစာ ချစ်ကြိုးသွယ်မိခဲ့ကြတော့သည်။ ၁၉၀၈ ခုနှစ် ဩဂုတ် ၁၀ ရက်နေ့တွင် ချာချီသည် ကလီမန့်တိုင်းကို လက်ထပ်ခွင့်တောင်းသည်။



ဖနီး ကလီမန့်တိုင်းနှင့် ဝင်စတန်ချာချီ

mgyoe.com

mgyoe.com

ဝင်စတန်ချာချီနှင့် သူ၏မိသားစု

၁၉၀၈ စက်တင်ဘာလ ၁၂ ရက်နေ့တွင် သူသည် ကလီမန်တိုင်းကို ဝက်မင်စတာရှိ စိန့်မာဂရက်ဘုရားကျောင်းတွင် လက်ထပ်ခဲ့သည်။ မင်္ဂလာပွဲကျင်းပရာခန်းမထဲတွင် လူများပြည့်ကျပ်နေခဲ့သည်။ သင်းအုပ်ဆရာတော် စိန့်အေဆပ်က သူတို့ကို လက်ဆက်ပေးခဲ့သည်။ ပူပူနွေးနွေး ဇနီးမောင်နှံမှာ အိစ်ကုတ်ရှိ ဟိုင်းဂရို့စ်အိမ်တော်ကို ပျားရည်ဆမ်းခရီးထွက်ခဲ့သည်။ ၁၉၀၉ ခုနှစ် မတ်လထဲတွင် သူတို့ဇနီးမောင်နှံသည် အယ်ကော်စတွန်စကွဲယားရှိအိမ်ကို ပြောင်းခဲ့ကြသည်။

သူတို့၏ပထမဦးဆုံးကလေးမှာ ဒိုင်ယာနာ ဖြစ်သည်။ ဒိုင်ယာနာကို ၁၉၀၉ ဇူလိုင်လ ၁၁ ရက်နေ့တွင် လန်ဒန်မြို့၌ မွေးခဲ့သည်။ ဒုတိယကလေး ရန်းဒေါ့ကို ၁၉၁၁ ခုနှစ် မေ ၂၈ ရက်နေ့တွင် အယ်ကော်စတွန်စကွဲယားတွင် မွေးသည်။ ၁၉၁၄ အောက်တိုဘာလ ၇ ရက်နေ့တွင် တတိယကလေး ဆာရာကို မွေးသည်။ တတိယကလေးကိုမွေးပြီးနောက် ကလီမန်တိုင်းမှာ စိတ်ရှုပ်စရာနှင့်ကြုံရလေသည်။ ခင်ပွန်းသည် ချာချီ

mgyoe.com

 mgyoe.com 

ကို အစိုးရအဖွဲ့က ဘယ်ဂျီယံနိုင်ငံ အန်းတွပ်ကို စေလွှတ်ခဲ့သောကြောင့် ဖြစ်သည်။ ဘယ်ဂျီယံသည် အဆိုပါမြို့ကိုလက်နက်ချအညံ့ခံတော့မည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ရန်သူများ ဝိုင်းထားသောမြို့အား ခုံခံကာကွယ်မှုများပြုရန် ပေးရန် ဗြိတိန်အစိုးရသည် ချာချီအား အန်းတွပ်ကို စေလွှတ်လိုက်လိုက်ခြင်းဖြစ်သည်။

ပထမကမ္ဘာစစ်တပ်ပြီးဆုံးသွားပြီးနောက် ၄ ရက်တင်းတင်းပြည့်သောနေ့တွင် ကလီမန်တိုင်းသည် စတုတ္ထမြောက်ကလေးကို မွေးသည်။ စတုတ္ထမြောက်ကလေး မာရီဂိုးလ်ဖရန့်ဆစ်ချာချီကို ၁၉၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်နေ့တွင် မွေးခဲ့ခြင်းဖြစ်သည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လ၏ လဆန်းရက်များတွင် ချာချီ၏သားသမီးအားလုံးကို ကန့်မြို့ရှိပြင်သစ်နေ့ကလေးထိန်းကျောင်းတွင်ထားခဲ့သည်။ ၁၉၂၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ချာချီ၏နောက်ဆုံးကလေးဖြစ်သော မယ်ရီကိုမွေးသည်။ ထိုလကုန်ပိုင်းတွင် ချာချီသည် ချက်ဖဲလ်အိမ်ကို ဝယ်သည်။ ချာချီကွယ်လွန်သည့် ၁၉၆၅ ခုနှစ်အထိ ချက်ဖဲလ်အိမ်တွင် သူတို့နေထိုင်ခဲ့ကြသည်။



ချာချီတို့မိသားစု နေထိုင်ခဲ့သည့် ချက်ဖဲလ်နေအိမ်

mgyoe.com

mgyoe.com




ချာချီ၏စစ်သည်ဘဝ

## ချာချီနှင့်ကျူးဘား

၁၈၉၅ တွင် ကျူးဘားလွတ်လပ်ရေးတိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲကို ချာချီသည် ဘဝတူအရာရှိ ရက်ဂျီနယ်ဘန်းစ်နှင့်အတူ သွားရောက်သတင်းယူခဲ့သည်။ ကျူးဘားတော်လှန်ရေးစစ်ပွဲသည်

mgyoe.com

ပုန်ကန်သူ ကျူးဘားတော်လှန်ရေးစစ်ပွဲသည် ပုန်ကန်သူကျူးဘားပြောက်ကျားများကို စပိန်တို့က တိုက်ခိုက်နှိမ်နင်းသော စစ်ပွဲဖြစ်သည်။ ၎င်းကျူးဘားတော်လှန်ရေးအကြောင်းကို Daily Graphic သတင်းစာ က သူ့အားရေးခိုင်းသည်။ ချာချီသည် အသက် ၂၁ နှစ်ပြည့် မွေးနေ့ကို ကျင်းပခဲ့ရာ ဝေဖန်ခြင်းခံရသည်။ သူ့ဘဝတွင် ဆင်နွှဲခဲ့သော မွေးနေ့အကြိမ်ရေ ၅၀ ထဲက ပထမဆုံးမွေးနေ့ပွဲဖြစ်သည့် ၂၁ နှစ်ပြည့်မွေးနေ့တွင် သူသည် ဝေဖန်ခံရခြင်းဖြစ်သည်။ စပိန်တို့က သူ့ကိုဆုတံဆိပ်တစ်ခု ချီးမြှင့်ခဲ့သည်။

ကျူးဘားကျွန်းသည်ကား သူ့အတွက် အမှတ်တရဖြစ်စရာတွေ အများကြီး ရှိခဲ့သော နေရာဖြစ်လေသည်။ ကျူးဘားသည် လှပသည်။ ကြီးမားသော ကျွန်းနိုင်ငံတစ်ခုလည်း ဖြစ်သည်။ ကျူးဘားရောက် ချာချီအတွက် အမှတ်တရဖြစ်စရာအကောင်းဆုံးမှာ ဆေးပြင်းလိပ်သောက်တတ်သွားခြင်းပင်တည်း။ ဟားဗနားတွင်နေထိုင်ရင်း ဆေးပြင်းလိပ်သောက်တတ်သော အကျင့်သည်ကား ချာချီ၏ လက်ကျန်တစ်ဘဝလုံးတွင် ဖျောက်မရသော အကျင့်တစ်ခုဖြစ်သွားခဲ့လေသည်။

ချာချီသည် နယူးယောက်ကို ရောက်သွားသည့်အခါ ဘာ့ခ်ကော့ရန်း၏ အိမ်တွင် တည်းခိုသည်။ ဘာ့ခ်ကော့ရန်းမှာ ချာချီ၏ မိခင်ကို ပိုးပန်းနေသူဖြစ်သည်။ ဘာ့ခ်ကော့ရန်းသည် နာမည်ကြီး အမေရိကန်နိုင်ငံရေးသမားဖြစ်၍ လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်သည်။ အပြောအဆိုနှင့် နိုင်ငံရေးအကြောင်းတို့ကို ချာချီသည် ဘာ့ခ်ကော့ရန်းထံကနေ လေ့လာခဲ့သည်။ ထို့ကြောင့် ဘာ့ခ်ကော့ရန်းသည် ချာချီ၏ အတွေးအခေါ်များကို အကြီးအကျယ်လွှမ်းမိုးခဲ့သည်။ အမေရိကားကို ချစ်တတ်အောင်လည်း ဘာ့ခ်ကော့ရန်းက ချာချီကို တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


မကြာခင်ချာချီသည် သူ့အားငယ်ငယ်ကတည်းက ပြုစုစောင့်ရှောက်ခဲ့သော အထိန်းတော်ကြီး မစ္စစ်အဲဗားရက်သည် သေလုမြောပါးဖြစ်နေပြီဆိုသော သတင်းကိုကြားရလေသည်။ ထို့ကြောင့် ချာချီသည် အင်္ဂလန်ပြန်လာခဲ့သည်။ ချာချီသည် အဲဗားရက်နှင့် သီတင်း



ဝင်စတန်ချာချီ၏ ပိုလိုကစားဟန်

mgyoe.com